# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

June 17, 2024 | Volume 79, Number 11

**၁၇.၆.၂၀၂၄**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၂၃၁၉ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၄၈.၇ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၅၂.၄ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၆၁.၅ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၈၇.၃ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၉.၄၂ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၁၃၆ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၂.၁၅ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၄.၉၆ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၇.၀၈၁ ကျပ် |

Source: CBM Rate, etrademyanmar.com

## အင်းလေးခရမ်းချဉ်သီးစိုက်ခင်းများ ရေနစ်မြုပ်၍ သီးနှံအထွက်နှုန်းကျခြင်းကြောင့် ခရမ်းချဉ်သီးဈေးနှုန်း မြင့်တက်



ရှမ်းပြည်နယ် (တောင်ပိုင်း) ညောင်ရွှေမြို့နယ် အင်းလေးကန်ကျွန်းမျောစိုက်ခင်းများ ရေတက်၍နစ်မြုပ်သဖြင့် သီးနှံအထွက်နှုန်းကျခြင်းကြောင့် အင်းလေး ခရမ်းချဉ်သီး ဈေးနှုန်း အမြင့်ဆုံးသို့ရောက်ရှိလာကြောင်း ဇွန် ၁၃ ရက်တွင် ခရမ်းချဉ်စိုက် တောင်သူများထံမှသိရသည်။

နွေရာသီတွင် အပူချိန်ကြောင့် အခင်းများပျက်စီးသလို မိုးရာသီတွင် ရေတက်သဖြင့် ကျွန်းမျောစိုက်ခင်းများရေမြုပ်သဖြင့် ခရမ်းချဉ်သီးပင်များပျက်စီးကာ အထွက်နှုန်း လျော့ကျမှုများ ရင်ဆိုင်ရသဖြင့် စိုက်တောင်သူများ အခက်ကြုံနေရကြောင်း သိရသည်။

ခရမ်းချဉ်သီးဈေးနှုန်းသည် နှစ်ပေါင်းများစွာအတွင်း အမြင့်ဆုံးဈေးနှုန်းသစ်တင်ခြင်းဖြစ်ကြောင်း သိရသည်။ ပြီးခဲ့သည့် ဧပြီလအတွင်း သီးနှံအထွက်နည်းနေချိန်တွင် အင်းလေးခရမ်းချဉ်သီး ပိဿာ ၃၀ ပါ တစ်တင်းလျှင် ကျပ် ၃၀,၀၀၀ မှ ၄၀,၀၀၀ အကြား၊ မေလအတွင်းတွင် ကျပ် ၅၀,၀၀၀ ခန့်၊ ဇွန်လအစပိုင်းတွင် ကျပ် ၆၅,၀၀၀ ခန့် ဖြစ်ပေါ်ခဲ့ပြီး ဇွန်လ ၈ ရက်မှစ၍ ထပ်မံဈေးတက်ခဲ့ရာ ဇွန် ၁၃ ရက်တွင် ကျပ် ၉၀,၀၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။ ထိုသို့ အင်းလေးခရမ်းချဉ်သီး စံချိန်တင်ဈေးနှုန်းမြင့်တက်သော်လည်း ကုန်ကျစရိတ်မြင့်တက်ခြင်းကြောင့် စိုက်တောင်သူနည်းပါးကာ ကျွန်းမျောစိုက်တောင်သူ အနည်းငယ်ခန့်သာ ဈေးကောင်းရရှိခြင်းဖြစ်ကြောင်း သိရသည်။

**Source:** https://news-eleven.com/

### CONTACT US

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm

## ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်းက ဓနိချပ်ရေ ၅၇၀,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်မေလအတွင်းက ဓနိချပ်ရေ ၅၇၀,၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း ငပုတောမြို့နယ်မှ အိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်းရှင် ဒေါ်ယုဝေကပြောပြ၍ သိရသည်။ ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဧပြီလအတွင်းက ဓနိချပ်ရေ ၄၅၀,၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မေလ ၁ ရက်နေ့မှ ၃၁ ရက်နေ့ထိ ဓနိချပ်ရေ ၅၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ ငပုတောမြို့နယ်သည် ဓနိထွက်သောဒေသဖြစ်ပြီး ထွက်ရှိလာသည့်ဓနိများကို ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်သို့တင်ပို့ရောင်းချလျက်ရှိကြောင်းသိရသည်။

"ငပုတောမြို့နယ်က တောင်သူတွေက စပါးအပြင် ဓနိနဲ့အခြားသီးနှံတွေစိုက်ပျိုးပါတယ်။ ဓနိစိုက်ပျိုးရေးလုပ်ငန်းကတော့ ဒေသခံတွေအတွက် စီးပွားရေးလုပ်ငန်းတွေထဲမှာ တစ်ခုအပါအဝင်ဖြစ်ပါတယ်။ ပြီးခဲ့တဲ့မေလထဲမှာ ရန်ကုန်ဈေးကွက်ကို ဓနိချပ်ရေ ၅၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ပါတယ်။ ဝယ်လိုအားကောင်းခဲ့တဲ့အတွက် ဒေသခံဓနိစိုက်ပျိုးရေးလုပ်ငန်းရှင်တွေနဲ့ ဓနိထိုးလုပ်သားတွေပါ အဆင်ပြေလာတာတွေ့ရပါတယ်" ဟု ငပုတောမြို့နယ်မှ အိမ်ဆောင်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းရှင် ဒေါ်ယုဝေက ပြောပြသည်။

ငပုတောမြို့နယ်တွင် ထွက်ရှိသောဓနိများမှာ အချပ် ၁၀၀ လျှင် ငွေကျပ် ၁၉,၅၀၀ ထိဈေးရှိနေကြောင်း အဆိုပါဓနိချပ်များ ဝယ်ယူမှုများလာခြင်းကြောင့် ဓနိစိုက်ပျိုးရေးလုပ်ငန်းရှင်များ၊ ဓနိထိုးလုပ်သားများ၊ ဓနိရောင်းဝယ်ရေးလုပ်ငန်းရှင်များ အဆင်ပြေနေကြောင်း သိရသည်။

**Source: ရတနာပုံသတင်းစာ**

## ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း ဖွဲ့စားပြောင်း အဖူးရေ ၇၄,၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့



ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း ဖူးစားပြောင်း အဖူးရေ ၇၄,၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျိုက်လတ်မြို့နယ်၌ လယ်ယာထွက်ကုန် ရောင်းဝယ်ရေး ပွဲရုံလုပ်ငန်းလုပ်ကိုင်သူ ဒေါ်အေးခိုင်၏ပြောဆိုချက်အရ သိရသည်။ ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလ ၁ ရက်မှ ၃၁ ရက်အထိ တစ်လတာကာလအတွင်း ဖူးစားပြောင်း အဖူးရေ ၇၄,၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့သည်။

ကျိုက်လတ်မြို့နယ်မှ လယ်ယာထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံလုပ်ငန်းလုပ်ကိုင်သူများသည် ဒေသထွက်ဖူးစားပြောင်းများကိုဝယ်ယူပြီး ကုန်တင်ယာဉ်များဖြင့် ရန်ကုန်ဈေးကွက်သို့ ပြန်လည်ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း၊ အဆိုပါဒေသထွက် ဖူးစားပြောင်းများသည် ပိုးမွှားကင်းရှင်းပြီး အဖူးရေ ၁၀၀၀ လျှင် ငွေကျပ် ၂၈၀,၀၀၀ မှ ၃၄၀,၀၀၀ အထိ ဈေးရှိကြောင်း သိရသည်။

**Source:** https://www.myawady.net.mm

## ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း မျှင်ငါးပိ ပိဿာချိန် ၉၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့



ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း မျှင်ငါးပိ ပိဿာချိန် ၈၉,၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဖျာပုံမြို့နယ်မှ ငါးပိ၊ ငါးခြောက်ရောင်းဝယ်ရေး လုပ်ငန်းလုပ်ကိုင်သူ ဒေါ်ညို၏ ပြောပြချက်အရသိရသည်။ ဖျာပုံမြို့နယ်မှ ဒေသထွက် မျှင်ငါးပိများကို ရန်ကုန်ဈေးကွက်သို့ အဓိကတင်ပို့ရောင်းချလျက်ရှိပြီး ဧပြီလအတွင်းက မျှင်ငါးပိ ပိဿာချိန် ၆၆,၀၀၀ အထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မေလ ၁ ရက်မှ ၃၁ ရက်အထိ တစ်လတာကာလအတွင်း မျှင်ငါးပိ ပိဿာချိန် ၈၉,၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

“ဖျာပုံမြို့နယ်ကနေ မျှင်ငါးပိတွေအပါအဝင် ဒေသထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချနေပါတယ်။ ရန်ကုန်ဈေးကွက်ကို မေလအတွင်းက မျှင်ငါးပိ ပိဿာချိန် ၈၉,၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့ပါတယ်။ အခုလို မျှင်ငါးပိတွေ အရောင်းအဝယ်ကောင်းလာတော့ မျှင်ငါးပိလုပ်ငန်း လုပ်ကိုင်သူတွေအပြင် လုပ်သားတွေ ပ ါ အလုပ်အကိုင်အဆင်ပြေလာပါတယ်” ဟု ဒေါ်ညိုကပြောသည်။

ဖျာပုံမြို့နယ်၌ ရေထွက်ကုန်ရောင်းဝယ်ရေး လုပ်ငန်းလုပ်ကိုင်သူများသည် ပင်လယ်ပြင်မှရရှိသော မျှင်ကောင်များကို ဝယ်ယူ၍ မျှင်ငါးပိပြုလုပ်ခြင်းဖြစ်ပြီး အဆိုပါဒေသထွက် မျှင်ငါးပိတစ်ပိဿာလျှင် ငွေကျပ် ၂၈,၅၀၀ ရှိကြောင်းသိရသည်။

**Source:** https://www.myawady.net.mm

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် (၁၀-၆-၂၀၂၄ မှ ၁၄-၆-၂၀၂၄) ရက်နေ့အတွင်းဖြစ်ပေါ်ခဲ့သော ပဲနှင့်အခြားကုန်စည်ဈေးနှုန်းများ

**မတ်ပဲနှင့်ပဲစင်းငုံ**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ပဲ (တစ်တန်) ဈေးနှုန်းများမှာ မတ်ပဲ FAQ/RC (2024 Crop) ကျပ် ၃,၄၂၆,၀၀၀၊ မတ်ပဲ SQ/RC (2024 Crop) ကျပ် ၃,၇၂၆,၀၀၀ နှင့် ပဲစင်းငုံ Red/ RC(2024 Crop) ကျပ် ၄,၆၁၀,၀၀၀ ဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မတ်ပဲ FAQ/ RC(2024Crop) ကျပ် ၃၂,၀၀၀ နှင့် မတ်ပဲ SQ/RC (2024 Crop) ကျပ် ၃၂,၀၀၀ နှင့် ပဲစင်းငုံ Red/RC (2024 Crop ) ကျပ် ၃၀,၀၀၀ အသီးသီး ဈေးမြင့်တက်ခဲ့သည်။ ယခင်အပတ်က ကုန်စည်ဒိုင်သို့ မတ်ပဲ FAQ/RC (2024 Crop) ကွန်တိန်နာ ၁၉၅ လုံး (တန်ချိန် ၄၆၈၀) နှင့် ပဲစင်းငုံ Red/ RC(2024 Crop) ကွန်တိန်နာ ၁၅ လုံး (တန်ချိန် ၃၆၀) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် မတ်ပဲ FAQ/RC (2024 Crop) ကွန်တိန်နာ ၃၀ လုံး (တန်ချိန် ၇၂၀) နှင့် ပဲစင်းငုံ Red/ RC(2024 Crop) ကွန်တိန်နာ ၅ လုံး (တန်ချိန် ၁၂၀) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် မတ်ပဲ FAQ/RC (2024 Crop) ကွန်တိန်နာ ၁၆၅ လုံး (တန်ချိန် ၃၉၆၀) နှင့် ပဲစင်းငုံ Red/ RC(2024 Crop) ကွန်တိန်နာ ၁၀ လုံး (တန်ချိန် ၂၄၀) လျော့နည်းဝင်ရောက်ခဲ့ပြီး ရောက်ခဲ့ကြောင်းသိရသည်။

**ရေတ်**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သော ရေတ်သီး ( တစ်ပိဿာ ) ဈေးနှုန်းများမှာ ပန်းရဲရေတ် (သစ်) AC ကျပ် ၅၅၀၀၊ မြားနီ ကျပ် ၅၂၀၀ ၊ပန်းတနော်ရှည် ကျပ် ၄၈၀၀၊ ဆင်ဖြူကျွန်း (ပု) ကျပ် ၁၂,၀၀၀ နှင့် မြစ်ဝပု ကျပ် ၁၂,၀၀၀ ဈေးအသီးသီး ဖြစ်ခဲ့သည်။ တစ်ပတ်အတွင်းပန်းရဲရေတ် (သစ်) AC ကျပ် ၅၀၀၊ မြားနီ ကျပ် ၇၀၀ နှင့် ပန်းတနော်ရှည် ကျပ် ၈၀၀ ဆင်ဖြူကျွန်း (ပု) ကျပ် ၅၀၀ နှင့် မြစ်ဝပု ကျပ် ၅၀၀ အသီးသီး ဈေးကျဆင်းခဲ့သည်။ ကုန်စည်ဒိုင်သို့ ယခင် အပတ်က ရေတ်ရှည် အိတ်ပေါင်း ၃၄၀၀ (၆၈,၀၀၀ ပိဿာ)နှင့် ရေတ်ပု အိတ်ပေါင်း ၁၀၀ (၁၅၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ရေတ်ရှည် အိတ်ပေါင်း ၄၀၀၀ (၈၀,၀၀၀ ပိဿာ) နှင့် ရေတ်ပု အိတ်ပေါင်း ၁၂၀၀ (၁၈,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ရေတ်ရှည် အိတ်ပေါင်း ၆၀၀ (၁၂,၀၀၀ ပိဿာ) လျော့နည်းဝင်ရောက်ခဲ့ပြီး ရေတ်ပု အိတ်ပေါင်း ၁၁၀၀ (၁၆,၅၀၀ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ကြောင်းသိရသည်။

**မန်ကျည်းသီး**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် မန်ကျည်းသီး (တစ်ပိဿာ) ဈေးနှုန်းများမှာ မန်ကျည်းသီး ပွင့်ကပ် (သစ်) ကျပ် ၃၅၀၀၊ မန်ကျည်းအသား (သစ်) ကျပ် ၄၇၀၀ နှင့် မန်ကျည်းသီး ရမည်းသင်း ဒါးဇင်း ကျပ် ၃၃၀၀ အသီး သီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မန်ကျည်းအသား(သစ်) ကျပ် ၂၀၀ ဈေးမြင့်တက်ခဲ့ပြီး ကျန်မန်ကျည်းသီးများ ဈေးငြိမ်လျက်ရှိသည်။

**ထန်းလျက်၊ ကြံသကာ နှင့် သကြား**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင်ဖြစ်ပေါ်ခဲ့သော ထန်းလျက်၊ ကြံသကာနှင့် သကြား(တစ်ပိဿာ) ဈေးနှုန်းများမှာ တောင်သာ မလိုင်(ဒိုး) ကျပ် ၄၄၀၀၊ ညောင်ဦးဆေးရှယ်(ထန်း) ကျပ် ၄၈၀၀၊ ပခုက္ကူကြမ်း ကျပ် ၄၆၀၀၊ ရေစကြို ထန်းလျက်(ချော) ကျပ် ၆၀၀၀၊ ကြံသကာ ကျပ် ၃၁၀၀ နှင့် သကြား(ပြည်တွင်း) ကျပ် ၄၇၀၀ ဈေးအသီးသီးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ညောင်ဦး ဆေးရှယ်(ထန်း) ကျပ် ၂၀၀ ၊ ကြံသကာ ကျပ် ၂၀၀ နှင့် သကြား (ပြည်တွင်း) ကျပ် ၅၀ ဈေးမြင့်တက်ခဲ့သည်။ ကျန်အမျိုး အစားများမှာ ဈေးငြိမ်လျက်ရှိသည်။

Source: **ရန်ကုန်တိုင်းဒေသကြီးဦးစီးမှုးရုံး**

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် (၁၀-၆-၂၀၂၄ မှ ၁၄-၆-၂၀၂၄) ရက်နေ့အတွင်း ဖြစ်ပေါ်ခဲ့သော ကြက်သွန်နီ ၊ ကြက်သွန်ဖြူနှင့်အာလူးဈေးနှုန်းများ

**ကြက်သွန်နီ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ဆိပ်ဖြူမြို့နှင့်မုံရွာမြို့တို့မှ ကြက်သွန်နီများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်နီ (တစ်ပိဿာ) ဈေးနှုန်းများမှာ ဆိပ်ဖြူရှယ် ကျပ် ၂၁၀၀ ၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၂၀၀၀၊ ဆိပ်ဖြူလတ်သန့် ကျပ် ၂၀၀၀၊ ဆိပ်ဖြူလတ်ချော ကျပ် ၁၆၀၀၊ မုံရွာသစ်ရှယ် ကျပ် ၂၁၀၀၊ မုံရွာလတ်ကြီး ကျပ် ၂၀၀၀၊ မုံရွာလတ်သန့် ကျပ် ၂၀၀၀ နှင့် မုံရွာလတ်ချော ကျပ် ၁၆၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ဆိပ်ဖြူရှယ် ကျပ် ၂၅၀ ၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၂၅၀၊ ဆိပ်ဖြူလတ်သန့် ကျပ် ၂၅၀၊ ဆိပ်ဖြူလတ်ချော ကျပ် ၁၅၀ ၊ မုံရွာသစ်ရှယ် ကျပ် ၂၅၀၊ မုံရွာလတ်ကြီး ကျပ် ၃၅၀၊ မုံရွာလတ်သန့် ကျပ် ၃၅၀ နှင့် မုံရွာလတ်ချော ကျပ် ၃၀၀ အသီးသီးဈေးမြင့်တက်ခဲ့သည်။ ကုန်စည်ဒိုင်သို့ ကြက်သွန်နီ ဝင်ရောက်မှုမှာ ယခင် အပတ်က ကားစီးရေ ၁၃၀ စီး (၇၈၀,၀၀၀ ပိဿာ) ဝင်ရောက် ခဲ့ပြီး ယခုအပတ်တွင် ကားစီးရေ ၉၆ စီး (၅၇၆,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကားစီးရေ ၃၄ စီး (၂၀၄,၀၀၀ ပိဿာ) လျော့နည်းဝင်ရောက်ခဲ့ကြောင်း သိရသည်။

**ကြက်သွန်ဖြူ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ကြူကုတ် နှင့် အောင်ပန်းမြို့တို့မှ ကြက်သွန်ဖြူများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်ဖြူ (တစ်ပိဿာ) ဈေးနှုန်းများမှာ ကြူကုတ်ရှယ် ကျပ် ၁၁,၅၀၀၊ အောင်ပန်းထူး-၂ ကျပ် ၁၀,၀၀၀၊ အောင်ပန်းထူး-၃ ကျပ် ၁၁,၀၀၀၊ အောင်ပန်းထူး-၄ ကျပ် ၁၁,၅၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၁၂,၀၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ကြူကုတ်ရှယ် ကျပ် ၂၀၀၊ အောင်ပန်းထူး-၂ ကျပ် ၅၀၀၊ အောင်ပန်းထူး-၃ ကျပ် ၁၀၀၀၊ အောင်ပန်းထူး-၄ ကျပ် ၁၀၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၁၀၀၀ အသီးသီး ဈေးကျဆင်းခဲ့သည်။ ယခင်အပတ်က ကုန်စည်ဒိုင်သို့ ကြက်သွန်ဖြူအိတ် ၄၃၀၀ (၁၂၉,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကြက်သွန်ဖြူအိတ် ၅၆၀၀ (၁၆၈,၀၀၀ ပိဿာ)ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကြက်သွန် ဖြူအိတ်ရေ ၁၃၀၀ ( ၃၉,၀၀၀ ပိဿာ)ပိုမိုဝင်ရောက်ခဲ့ကြောင်းသိရသည်။

**အာလူး**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ တရုတ်မှအာလူးများ ဝင်ရောက်လျက်ရှိရာ အာလူးတစ်ပိဿာဈေးနှုန်းများမှာ တရုတ် A1 ကျပ် ၁၉၀၀ ၊ တရုတ် OK ကျပ် ၂၅၅၀ ၊ တရုတ် S1 ကျပ် ၂၅၅၀၊ တရုတ်S2 ကျပ် ၂၃၀၀ ဈေးနှုန်းအသီးသီးခဲ့ဖြစ်ခဲ့သည်။ တစ်ပတ် အတွင်း အာလူးများဈေးငြိမ်လျက်ရှိသည်။ ကုန်စည်ဒိုင်သို့ အာလူးဝင်ရောက်မှုမှာ ယခင်အပတ်က ကားအစီးရေ ၄၆ စီး (၂၇၆,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကားစီးရေ ၅၀ စီး (၃၀၀,၀၀၀ ပိဿာ)ဝင်ရောက်ခဲ့သောကြောင့် ယခင် အပတ်ထက် အာလူးကားစီးရေ ၄ စီး (၂၄,၀၀၀ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ကြောင်း သိရသည်။

Source: **ရန်ကုန်တိုင်းဒေသကြီးဦးစီးမှုးရုံး**

## မန္တလေးဈေးကွက်အတွင်း နှမ်းနက်များ အရောင်းအဝယ်ကောင်းနေ

မန္တလေးဈေးကွက်အတွင်း နှမ်းနက်များ အရောင်းအဝယ်ကောင်းနေကြောင်း မန္တလေးမြို့မှ စိုးဝင်းမြင့်ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်က ပြောပြ၍သိရသည်။

အဆိုပါနှမ်းနက်များသည် မန္တလေးဈေးကွက်အတွင်းသို့ ရွှေဘိုဒေသနှင့်ဝက်လက်ဒေသမှ ဝင်ရောက်လာကြောင်း၊ ဈေးကွက်အတွင်း နှမ်းနက် သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၄၈၀,၀၀၀ ရှိကြောင်းသိရသည်။

“ဒီရက်ပိုင်းမှာ မန္တလေးဈေးကွက်ကို နှမ်းနက်အပြင် နှမ်းဖြူတွေပါ စတင်ဝင်လာပြီး အရောင်းအဝယ်တွေကောင်းနေပါတယ်။ နှမ်းနက်ကလဲ ပြည်ပပို့ကုန်အနေနဲ့ ပို့ခွင့်ရထားပါတယ်။ ဒီနှစ်အနေနဲ့အထွက်နှုန်းလဲ ကောင်းမွန်တာတွေ့ရပါတယ်။ အခုရက်ပိုင်းထဲ ဈေးကွက်အတွင်းမှာ တရုတ်ဝယ်လက်တွေက ဝယ်ယူမှုတွေရှိနေတာကြောင့် အရောင်းအဝယ်တွေကောင်းနေတာပါ။ ဂျပန်နှမ်းဖြူကလဲ ဈေးကွက်အတွင်းမှာ အရောင်းအဝယ်တွေ ကောင်းနေတာတွေ့ရပါတယ်။ နှမ်းသီးနှံတွေက ဒီနှစ် အရောင်းအဝယ်ကောင်းပါတယ်။ အဓိကအနေနဲ့ တရုတ်ဈေးကွက်ကို တင်ပို့ရောင်းချနေရတယ်။ မကြာခင်ကာလမှာလဲ နေပြည်တော်ဘက်က နှမ်းနက်တွေ ထွက်ရှိလာတော့မှာပါ” ဟု ဦးစိုးဝင်းမြင့်က ပြောပြသည်။

နှမ်းသီးနှံကို မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးတို့တွင် အဓိကထားပြီး အများဆုံး စိုက်ပျိုးကြကြောင်း၊ နှမ်းနက်ကို သီးထပ်အဖြစ် ရာသီမရွေးစိုက်ပျိုးနိုင်ပြီး ရက် ၁၀၀ အတွင်း ပေါ်ထွက်လေ့ရှိသောသီးနှံဖြစ်ကြောင်း ၎င်းကဆက်လက်ပြောပြ၍သိရသည်။

Source: **ရတနာပုံနေ့စဉ်သတင်းစာ**

## တရုတ်နိုင်ငံသို့ တင်ပို့မှုမြင့်တက်လာခြင်းကြောင့် ကမ္ဘာတစ်ဝန်း မက္ကဒေးမီးယားထုတ်လုပ်မှု မြင့်တက်လာ

ကမ္ဘာ့မက္ကဒေးမီးယားအဖွဲ့မှ မကြာသေးမီကထုတ်ပြန်ခဲ့သော အချက်အလက်များအရ ၂၀၂၄ ခုနှစ်တွင် ကမ္ဘာတစ်ဝန်း မက္ကဒေးမီးယားထုတ်လုပ်မှုသည် သိသိသာသာတိုးတက်လာကြောင်း၊ ဩစတြေးလျ၊ ကင်ညာနှင့်ဂွာတီမာလာတို့တွင် ထုတ်လုပ်မှုကျဆင်းနေသော်လည်း မက္ကဒေးမီးယားထုတ်လုပ်သည့် ကျန်နိုင်ငံများအားလုံး၏ အထွက်နှုန်းသည် ၁၀ ရာခိုင်နှုန်း ပိုမိုတိုးတက်လာကြောင်း၊ တစ်ကမ္ဘာလုံးရှိ မက္ကဒေးမီးယားအစေ့အဆန် ထုတ်လုပ်မှုသည် ၂၀၂၂ ခုနှစ်တွင် မက်ထရစ်တန် ၂၉၈,၉၁၄ ရှိခဲ့ရာမှ ၂၀၂၃ ခုနှစ်တွင် မက်ထရစ်တန် ၃၁၉,၃၀၆ အထိ တိုးလာခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံ၏ ပြည်တွင်းမက္ကဒေးမီးယားအစေ့ထုတ်လုပ်မှုသည် ၂၀၂၂ ခုနှစ်တွင် တန်ချိန် ၆၂,၅၀၀ ရှိခဲ့ရာမှ ၂၀၂၃ ခုနှစ်တွင် မက်ထရစ်တန် ၅၆,၀၀၀ သို့ ကျဆင်းသွားသော်လည်း မက္ကဒေးမီးယားတင်သွင်းမှု အထူးသဖြင့် ကင်ညာနိုင်ငံမှ တင်သွင်းမှုသည် လျင်မြန်စွာ တိုးတက်လာခဲ့ကြောင်း၊ တရုတ်အကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့၏ အချက်အလက်များအရ ၂၀၂၁ ခုနှစ်တွင် တရုတ်နိုင်ငံသည် ကင်ညာနိုင်ငံမှ မက္ကဒေးမီးယားအစေ့ တန် ၁၀၀ ခန့်၊ တန်ဖိုးအားဖြင့် တရုတ်ယွမ် ၁ ဒသမ ၆၅ သန်း (အမေရိကန်ဒေါ်လာ ၂၂၈,၀၀၀) နှင့် အခွံပါမက္ကဒေးမီးယား ၂၄၈ တန်၊ ယွမ် ၁၇ ဒသမ ၄၅ သန်း(အမေရိကန်ဒေါ်လာ ၂ ဒသမ ၄၁ သန်း)ဖိုး တင်သွင်းခဲ့ကြောင်း၊ ၂၀၂၂ ခုနှစ်တွင် မက္ကဒေးမီးယားအစေ့ ၉၄၉ တန်နှင့် အခွံပါ မက္ကဒေးမီးယားအစေ့ ၆၀၉ တန်၊ တန်ဖိုးအားဖြင့် စုစုပေါင်း ယွမ် ၇၃ ဒသမ ၇၄ သန်း (အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၂ သန်း) အထိ မြင့်တက်လာခဲ့ကြောင်း၊ ၂၀၂၃ ခုနှစ်တွင် ကင်ညာနိုင်ငံမှ မက္ကဒေးမီးယားတင်သွင်းမှု အဆ ၂၀ ခန့် တိုးလာခဲ့ကြောင်း၊ ယခင်က တန်ချိန် ၄၀၀ ခန့်သာ ရှိခဲ့ရာမှ လက်ရှိတွင် ၇,၅၉၅ တန်အထိ တိုးလာခဲ့ကြောင်း သိရသည်။

Kenya's Nuts and Oil Crops Directorate မှ ထုတ်ပြန်သော စာရင်းဇယားများအရ မက္ကဒေးမီးယားသီးနှံကို ဓာတ်သတ္တုကြွယ်ဝသော ကုန်းပြင်မြင့်ဒေသ၌ ဟက်တာ ၁၈,၀၀၀ ခန့်တွင် စိုက်ပျိုးထားကြောင်း၊ မကြာသေးမီနှစ်များအတွင်း ကင်ညာသည် ဩစတြေးလျနှင့် တောင်အာဖရိကပြီးလျှင် ကမ္ဘာ့တတိယအကြီးဆုံး မက္ကဒေးမီးယားတင်ပို့သူဖြစ်လာကြောင်း၊ ကင်ညာနိုင်ငံသည် မက္ကဒေးမီးယား စုစုပေါင်းထွက်ရှိမှု၏ ၉၃ ရာခိုင်နှုန်းကျော်ကို ပြည်ပသို့တင်ပို့နေပြီး အမေရိကန်၊ ဂျာမနီ၊ နယ်သာလန်နှင့်တရုတ် (ဟောင်ကောင် အပါအဝင်) သို့ အဓိကတင်ပို့လျက်ရှိကြောင်း သိရသည်။

World Macadamia Organisation ၏ အဆိုအရ ကင်ညာနိုင်ငံ၏ မက္ကဒေးမီးယားထုတ်လုပ်မှုသည် ၂၀၂၃ ခုနှစ်တွင် ယခင်နှစ်ထက် (၃ ဒသမ ၁) ရာခိုင်နှုန်းကျဆင်းခဲ့ပြီး စုစုပေါင်း တန်ချိန် (၄၁,၁၅၀) ရှိကြောင်း၊ သို့သော် အလယ်ပိုင်းကုန်းမြင့်

ဒေသတွင် စိုက်ပျိုးရာသီတစ်လျှောက် မိုးရွာသွန်းမှုများပြားသဖြင့် ၂၀၂၄ ခုနှစ်တွင် မက္ကဒေးမီးယားထုတ်လုပ်မှု ၁၂ ရာခိုင်နှုန်း တိုးလာကာ အရည်အသွေးလည်း သိသိသာသာ တိုးတက်လာမည်ဟု ခန့်မှန်းထားကြောင်း သိရသည်။

**Source:** https://www.producereport.com/article/global-macadamia-production-increases-exports-china-soar

**(စီးပွားရေးသံမှူး၊ နန်နင်းမြို့)**

https://myantrade.gov.mm/

## STOCK EXCHANGE (17.6.2024)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 14th Jun. 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 71,296 (Shares) | 165,190,200 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,300 | +100 | +1.09% | 9,200 | 9,300 | 9,200 | 1,279 | 11,767,800 | 33,109,694 | 307,920 |
| MTSH | 00002 | 3,250 | +0 | +0.00% | 3,250 | 3,250 | 3,250 | 775 | 2,518,750 | 38,929,150 | 126,520 |
| MCB | 00003 | 8,400 | +100 | +1.20% | 8,400 | 8,400 | 8,400 | 4 | 33,600 | 10,400,986 | 87,368 |
| FPB | 00004 | 1,750 | +0 | +0.00% | 1,750 | 1,750 | 1,700 | 260 | 451,250 | 29,664,613 | 51,913 |
| TMH | 00005 | 2,900 | +50 | +1.75% | 2,900 | 2,900 | 2,900 | 7 | 20,300 | 12,823,224 | 37,187 |
| EFR | 00006 | 2,000 | +100 | +5.26% | 1,900 | 2,000 | 1,900 | 591 | 1,144,900 | 19,977,223 | 39,955 |
| AMATA | 00007 | 5,000 | +100 | +2.04% | 5,000 | 5,000 | 5,000 | 20 | 100,000 | 10,497,598 | 52,488 |
| MAEX | 00008 | 3,350 | +50 | +1.52% | 3,350 | 3,350 | 3,350 | 3,046 | 10,204,100 | 23,804,946 | 79,747 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

### Market summary

As of 14th Jun. 2024

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 415.18 | +4.90 | +1.19% | 411.17 | 415.18 | 411.17 | 5,982 | 26,240,700 | 8 | 783,098 |

**Index chart**




### Market Overview

### Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 14th Jun. 2024

| Trading Volume | Trading Value |
|---|---|
| 71,296 (Shares) | 165,190,200 (MMK) |

### Main Board

As of 1:00 pm, 14th Jun. 2024

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 71,296 (Shares) | 165,190,200 (MMK) |

| MYANPIX | 415.18 ▲ 4.90 |
|---|---|
| Total Volume (shares) | 5,982 |
| Total Value (MMK) | 26 mil |
| Listed Company | 8 |
| Market Cap. (MMK) | 783,098 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,300 | ▲ 100 |
| MTSH | 00002 | 3,250 | ▲ 0 |
| MCB | 00003 | 8,400 | ▲ 100 |
| FPB | 00004 | 1,750 | ▲ 0 |
| TMH | 00005 | 2,900 | ▲ 50 |
| EFR | 00006 | 2,000 | ▲ 100 |
| AMATA | 00007 | 5,000 | ▲ 100 |
| MAEX | 00008 | 3,350 | ▲ 50 |